# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၃၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၃-၂၀၁၅ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့တွင် ခွင့်ပန်ကြားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးအား ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်တယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၇၈ ဦး၊ ယခင်ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ၈၇ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၇၈ ဦးမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၂) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၄) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၅) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၁ ရက်၊

(၆) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၂ ရက်၊

(၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၁၀) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၅ ရက်၊

(၁၁) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၁၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၃) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၅ ရက်၊

(၁၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၁၅) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၁၆) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၁၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၁၈) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၉) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၂၀) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၁ ရက်၊

(၂၁) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၂ ရက်၊

(၂၂) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၂ ရက်၊

(၂၄) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၁ ရက်၊

(၂၅) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၂၆) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၂၇) အိမ်မဲ မဲဆန္ဒနယ်မှ ဦးစောဂျိမ်း ခွင့် ၁ ရက်၊

(၂၈) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၉) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၃၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၃၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၃၃) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၄) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၅) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၆) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၃၇) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁၂ ရက်၊

(၃၈) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၅ ရက်၊

(၃၉) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၂ ရက်၊

(၄၀) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၂ ရက်၊

(၄၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၄ ရက်၊

(၄၂) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၄၃) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဒွေး ခွင့် ၂ ရက်၊

(၄၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၅ ရက်၊

(၄၅) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၂ ရက်၊

(၄၇) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၄၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်၊

(၅၂) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၅၃) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁ ရက်၊

(၅၄) ဆောမဲဆန္ဒနယ်မှ ဦးဒွေးမောင် ခွင့် ၂ ရက်၊

(၅၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

**မူကြမ်း**

(၅၆) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၃ ရက်၊

(၅၇) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၅၈) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၅ ရက်၊

(၅၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၅ ရက်၊

(၆၀) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၅ ရက်၊

(၆၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း ခွင့် ၁ ရက်၊

(၆၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၁ ရက်၊

(၆၃) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၆၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၆၆) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၄ ရက်၊

(၆၇) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၆၈) ကုန်ကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၆၉) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၇၀) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၄ ရက်၊

(၇၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၇၂) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၇၃) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၇၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁၀ ရက်၊

(၇၅) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၇၆) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၇၇) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁၀ ရက်နှင့်

(၇၈) ဝက်လက်မဲဆန္ဒနယ် သူရဦးအေးမြင့် ခွင့် ၅ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် ရှိသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရွာချင်းဆက်သွယ်သောလမ်းသို့ ဖြတ်သန်းစီးဆင်းနေသော ကညင်ချောင်းအား အရှည် ၂၁၅ ပေ x ၁၄ ပေအကျယ် တံတားတစ်စင်း တည်ဆောက်ပေးနိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(အင်္ဂပူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးမြန်းလိုတဲ့မေးခွန်းကတော့ အင်္ဂပူမြို့နယ်၊ အင်္ဂပူ- ဟသ်ာတ၊ အင်္ဂပူ- မြန်အောင်ကားလမ်းပေါ်မှာရှိတဲ့ ဘုရားကွင်းကျေးရွာအုပ်စု၊ လူးကြီးကျေးရွာမှ ကညင်ချောင်းကိုဖြတ်ကျော်ပြီးတော့

ပန်းတင်ကျေးရွာအုပ်စု၊ သက်ကယ်ပြင်၊ အင်ပင်ကုန်း၊ ရှမ်းတောင်းပြဲ၊ မဲဇလီကုန်းကျေးရွာအုပ်စု များဖြစ်သော ကျေးရွာအုပ်စုငါးအုပ်စု၊ ကျေးရွာပေါင်း ၄၆ ရွာမှာရှိတဲ့ လူဦးရေပေါင်း ၁၀၀၀၀ ခန့် အမြဲဖြတ်သန်းသွားလာနေတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါကညင်ချောင်းသည် မိုးတွင်းအခါမှာ တောင်ကျ ရေများကြောင့်သော်လည်းကောင်း၊ ဧရာဝတီမြစ်ရေလျှံတက်မှုကြောင့်သော်လည်းကောင်း ရေစီးသန် ပြီးတော့ ကျောင်းသူကျောင်းသားများမှာ လှေများ၊ ဖောင်များဖြင့် ကူးလူးသွားလာနေကြ ရပါတယ်။ ဖောင်းတန်း အ.ထ.က(ခွဲ)၊ မဲဇလီကုန်း အ.ထ.က များသို့ လှေဖြင့်ကူးပြီးတော့ သွားကြ ရပါတယ်။ ဒေသထွက်ကုန်ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရေထွက်ကုန်ပစ္စည်းများကိုလည်းပဲ ခက်ခက်ခဲခဲသယ်ယူပို့ ဆောင်နေကြရပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရန် လယ်ယာကိုင်းသုံးထွန်စက်များကိုလည်းပဲ ဖောင်များ ဖွဲ့၍ကူးကြရပါတယ်။

သို့ပါ၍ အဆိုပါကညင်ချောင်းအား အလျား ပေ ၁၂၅ ပေ၊ အနံ ၁၄ ပေအကျယ် တံတားတစ် စင်းကို နိုင်ငံတော်အဆင့်မှ ဆောက်လုပ်ပေးနိုင်ပါရန် ပြည်သူများကိုယ်စား တောင်းခံမေးမြန်းအပ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ လို့ ဦးစွာပထမ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ် ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးခင်မောင်အေးကနေ ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်စိုးကနေပြီးတော့မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနဲ့ ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဧရာဝတီတိုင်းဒေသ ကြီး အင်္ဂပူမြို့နယ်၊ ကညင်ချောင်းကူးတံတားဟာ ဘုရားကွင်းကျေးရွာအုပ်စု၊ လူးကြီးကျေးရွာနှင့်

ပန်းတင်ကျေးရွာအုပ်စု၊ ရေလဲကျောင်းစုနှင့် ပျဉ်ထောင်ကျေးရွာများကို ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းပေါ်မှာတည်ရှိတဲ့ ကျေးရွာ ၄၆ ရွာ လူဦးရေ ၉၆၅၇ ဦးကို အကျိုးပြုပါတယ်။ အဲဒီကညင်ချောင်းကူးတံတား အရှည် ၂၂၀ ပေကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၂၂၀ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သန်းပေါင်း ၂၄၈၅၀.၇၃၉ သန်းဖြင့် ကွန်ကရစ်လမ်း ၂ ဖာလုံ၊ ကတ္တရာလမ်း ၂၂ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ၂၆၇ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၁၄၆ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်တံတား ၂၁၉၃ ပေ၊ သစ်သားတံတား ၈၆၅၄ ပေနှင့် ရေပွန် ၂၈၆၈ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်။ အင်္ဂပူမြို့နယ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ၁၁၆၇.၅၅၅ သန်းဖြင့် ကျောက်ချောလမ်း ၁၁ မိုင် ၇ ဖာလုံ၊ မြေသားလမ်း ၁၂ မိုင် ၂ ဖာလုံနှင့် သစ်သားတံတား ၂၇၇ ပေ၊ ရေပွန် ၂၀ ပေတို့ကို ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ အင်္ဂပူမြို့နယ်၊ ကညင်ချောင်းကူးတံတားဟာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ခွင့်ပြုထားခြင်းလည်းမရှိသေးပါ။ ဒီအတွက်ကြောင့်မို့လို့ လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မန်တုံမြို့နှင့် မန်တုံမြို့နယ် အရှေ့ဘက်ခြမ်းဒေသ နမ့်ဟိုင်းကျေးရွာသို့ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအိုက်မုန်း၊ မန်တုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအိုက်မုန်း(မန်တုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

(မြောက်ပိုင်း)၊ တအောင်း(ပလောင်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မုန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတာကတော့ အဓိက လမ်းပန်းဆက်သွယ်ရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မန်တုံမြို့နယ်၊ တအောင်း(ပလောင်)တိုင်းရင်းသား PSLA ငြိမ်းချမ်းရေးရယူပြီးတဲ့နောက်ပိုင်း ၁၉၉၁ ခုနှစ်တွင် နမ္မတူမြို့နယ်မှခွဲထွက်ပြီး မြို့သစ်အဖြစ် သတ်မှတ်ထားသော မြို့တစ်မြို့ဖြစ်ပါတယ်။ နမ္မတူမြို့မှ ၃၇ မိုင်၊ နမ့်ဆန်မြို့မှ ၃၈ မိုင်ကွာဝေးပါတယ်။ တစ်ချိန်က သွားရေးလာရေးခက်ခဲသောမြို့အဖြစ်ကျော်ကြားခဲ့သော်လည်း ယနေ့ဆိုလျှင် ဒီမိုကရေစီ အစိုးရလက်ထက်တွင် မန်တုံ- နမ္မတူလမ်းကို အဆင့်မြှင့်တင်ထားပြီးဖြစ်သဖြင့် သွားလာမှုပိုမိုလွယ်ကူ လာပြီဖြစ်ပါတယ်။ မန်တုံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ် ဖောက်လုပ်ပေးခြင်း ထပ်မံလိုအပ်လျက်ရှိပါတယ်ခင်ဗျား။ မန်တုံမြို့၏အရှေ့ဘက်ခြမ်းတွင်ရှိပြီး အချက်အခြာကျသော ကျေးရွာကြီးတစ်ရွာဖြစ်တဲ့ နမ့်ဟိုင်းကျေးရွာသို့ သွားရောက်လိုပါက မန်တုံမြို့မှ နမ္မတူမြို့သို့ ၃၇ မိုင်၊ နမ္မတူမြို့မှ နမ့်ဟိုင်းကျေးရွာသို့ ၂၈ မိုင် ပေါင်း ၆၅ မိုင်ကွာဝေးပါတယ်။ မန်တုံမြို့ မှ မန်တုံမြို့နယ်အတွင်းရှိ နမ့်ဟိုင်းကျေးရွာသို့ တိုက်ရိုက်သွားရောက်နိုင်သော ကျေးရွာချင်းဆက်လမ်း ကားလမ်းမရှိသေးပါခင်ဗျား။ မန်တုံမြို့မှ အဆိုပါမြို့နယ်မှ အရှေ့ဘက်ခြမ်းဒေသဖြစ်သော နမ့်ဟိုင်း ကျေးရွာသို့ တိုက်ရိုက်ကားလမ်း ဖောက်လုပ်ပေးမယ်ဆိုပါက ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာ ပေါင်း ၁၂ ရွာ ဖြတ်သန်းသွားလာရမည်ဖြစ်ပြီး ခန့်မှန်း ၄၉ မိုင်ရှိပါတယ်။ အိမ်ခြေ ၄၆၇ လုံး၊ လူဦးရေ ၃၉၅၉ ဦး တိုက်ရိုက်အကျိုးခံစားခွင့်ရမှာဖြစ်ပါတယ်။

တောင်ပေါ်ဒေသဖြစ်တဲ့အလျောက် သာမန်ကျေးရွာချင်းဆက်လမ်းအဆင့်မဟုတ်ဘဲ လမ်းအူ ကြောင်းကို တတ်နိုင်သလောက် ပညာရှင်များနဲ့ စနစ်တကျတိုင်းတာပြီး လမ်းပုံစံ၊ ဒီဇိုင်း အရင် ရေးဆွဲပြီးမှ ဖောက်လုပ်ရန်လိုအပ်ပါတယ်။ အတက်အဆင်းမတ်စောက်ခြင်း၊ အကွေ့အကောက် များပြားခြင်းတို့ကြောင့် အတတ်နိုင်ဆုံး၊ အနည်းဆုံးဖြစ်မှသာ ဘေးကင်းလုံခြုံစိတ်ချရပြီး စီးပွားရေး၊ လူမှုရေးတို့ကို အမှန်တကယ်အကျိုးပြုသော ကျေးရွာချင်းဆက်ကားလမ်း ဖြစ်ပါတယ်။ နမ္မတူမြို့သို့ ၃၇ မိုင်၊ ၎င်းမြို့မှတစ်ဆင့် မန်တုံမြို့နယ် အရှေ့ဘက်ခြမ်းရှိ နမ့်ဟိုင်းဒေသသို့ ၂၈ မိုင် ပေါင်း ၆၅ မိုင်ဝေးသောခရီးကို တစ်ပတ်ပတ်ပြီး တကူးတကသွားလာရခြင်းဒုက္ခမှ ကင်းဝေးသွားမည် ဖြစ်ပါတယ်။ အချိန်ကုန်လူပင်ပန်း သက်သာစွာသွားနိုင်မည့်အပြင် မန်တုံမြို့မှ အရှေ့ဘက်ခြမ်း နမ့်ဟိုင်းဒေသ ကြားရှိ ကျေးရွာများမှဒေသခံပြည်သူများ လူမှုစီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မန်တုံမြို့နှင့် မန်တုံမြို့နယ်အရှေ့ဘက်ခြမ်းဒေသ နမ့်ဟိုင်းကျေးရွာသို့ စနစ်တကျ လမ်းအူကြောင်း

**မူကြမ်း**

ဒီဇိုင်းရေးဆွဲပြီး ဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းကို ၎င်းဒေသရှိပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်းရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော်ကပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်နှင့် နမ့်ဟိုင်းကျေးရွာကိုဆက်သွယ်တဲ့ မြေသားလမ်း အသစ်ဖောက်မယ်လုပ်ပါက စုစုပေါင်းအရှည် ၄၉ မိုင်ဖြစ်ပြီး ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၄၆၇ အိမ်နှင့် ပြည်သူလူထု ၃၉၅၉ ဦးကို အကျိုးပြုမှာဖြစ်ပါတယ်။ အဲဒီလမ်းကို ၁၈ ပေအကျယ် မြေသားလမ်းဖောက်လုပ်မယ်ဆိုပါက ငွေကျပ် ၈၃၉.၈၆ သန်း ကုန်ကျမှာဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၂၀၂၇.၈ သန်းဖြင့် ကတ္တရာလမ်း ၅ မိုင်၊ ကျောက်ချောလမ်း ၁၂ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၃၅ မိုင်၊ သစ်သားတံတား ၃၀၈ ပေနှင့် ရေပြွန် ၃၆၂ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။

မန်တုံမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၀၀၈.၉ သန်းဖြင့် ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၆ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၁၇ မိုင် ၄ ဖာလုံ၊ သစ်သားတံတား ၁၆၀ ပေနှင့် ရေပြွန် ၁၉၀ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ မန်တုံမြို့နယ်၊ မန်တုံ-နမ့်ဟိုင်း မြေသားလမ်း ၄၉ မိုင်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ

လျာထားတင်ပြထားခြင်း မရှိသေးပါ။ လတ်တလောမှာလည်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချောက်မြို့နယ်အပါအဝင် မိုးနည်းရေရှားဒေသများ၌ သောက်သုံးရေရှားပါးမှုအခက်အခဲကို အထူးစီမံချက်တစ်ရပ် ချမှတ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ချောက်မြို့နယ်အပါအဝင် မိုးနည်းရေရှားဒေသများ၌ လာမည့်နွေရာသီကာလမှာကြုံတွေ့ရမည့်သောက်သုံးရေအထူးရှားပါးခက်ခဲမှုကို အထူးစီမံချက်တစ်ရပ်ချမှတ်ဖြေရှင်းပေးရေးနှင့် ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၀၁-၂၀၁၄ ခုနှစ်(၁၄) နှစ်ကာလအတွင်းမှာ ၂၀၁၄ ခုနှစ်မှာမိုးရေချိန်အနည်းဆုံး ၁၃.၁၇ လက်မပဲရွာခဲ့ပါတယ်။ ချောက်မြို့နယ်မှာ လက်ရှိကျေးရွာ ၂၃၀ ရှိပြီးတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခန့်မှန်းထားတာ ယခုနှစ်မှာ ကျေးရွာပေါင်း ၄၃ ရွာဟာ ရေအခက်အခဲရှိနိုင်တယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒီအနက်မှ ရွာပေါင်း ၁၁ ရွာကိုပဲ ရေအခက်အခဲ ဖြေရှင်းပေးဖို့အတွက် ခွင့်ပြုဘဏ္ဍာငွေ ၁၀၆ သိန်းတောင်းခံထားတာကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ချောက်မြို့နယ်အတွင်းမှာ စုစုပေါင်းကျေးရွာပေါင်း ၂၃၀ မှာ ၄၃ ရွာက ရေအခက်အခဲရှိတယ်။ ၁၁ ရွာကိုပဲ ဖြေရှင်းပေးမယ်ဆိုတော့ ကျန်တဲ့ရွာတွေမှာလည်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးပြီးတော့ သောက်သုံးရေအခက်အခဲရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တာက နိုင်ငံတော်အစိုးရက သောက်သုံးရေရှားပါးမှုအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်အတွက်လုံလောက်သောအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနဲ့ ဆောင်ရွက်ပေးမည်ဆိုပါက ယင်းအစီအမံများကို ပြည်သူများသိရှိစေရေးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဆက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့ မေးခွန်းဟာ တစ်ကယ်ကိုအရေးပါတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့အပူပိုင်းဒေသ (Central Dry Zone) နဲ့ပတ်သက်တဲ့ Essential Need တစ်ခုလည်းဖြစ်တယ်လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သုံးသပ်ပါတယ်။ နောက်တစ်ခုက ဒီမေးခွန်းကိုမေးတဲ့အခါမှာ ဒီ Central Dry Zone နဲ့ဆိုင်တဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်တွေကို ကျွန်တော်စုပေါင်းပြီးဖြေကြားမှာဖြစ်တဲ့အတွက် တစ်ကယ်လို့အချိန်မလောက်ခဲ့ရင် ခွင့်ပြုပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများဖြစ်တဲ့ Infrastructure တွေကို လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာနှင့် ယင်လုံအိမ်သာကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျား။ မိုးနည်းရေရှားဒေသများဖြစ်တဲ့ သောက်သုံးရေရှားပါးခက်ခဲမှုဖြေရှင်းပေးနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးမှာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အမှတ်စဉ်(၃၈/ခ)အရ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲတင်ပြထားပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာ ခရိုင်လေးခရိုင်၊ မြို့နယ် ၂၀ မြို့နယ်၊ မြို့နယ်အောက်မှာရှိတဲ့ ကျေးရွာပေါင်း ၃၂၆၃ ရွာ၊ မကွေးတိုင်းဒေသကြီးမှာ ခရိုင် ငါးခရိုင်၊ မြို့နယ် ၂၅ မြို့နယ်၊ ကျေးရွာပေါင်း ၄၈၀၄ ရွာနဲ့ မန္တလေးတိုင်းဒေသကြီးမှာ ခရိုင် လေးခရိုင်၊ မြို့နယ် ၁၂ မြို့နယ်၊ ကျေးရွာပေါင်း ၂၉၉၁ ရွာ စုစုပေါင်း ခရိုင် ၁၃

ခရိုင်၊ မြို့နယ် ၅၇ မြို့နယ်၊ ကျေးရွာပေါင်း ၁၁၀၅၈ ရွာပါဝင်ပြီး ကျွန်တော်တို့ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။

အပူပိုင်းမိုးနည်းရပ်ဝန်းဒေသမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်မှာ သောက်သုံးရေရရှိရေးလုပ်ငန်းအပါအဝင် လုပ်ငန်းစဉ်(၆)ရပ်ပါရှိပြီး ပြည်သူလူထုရဲ့ အဓိကလိုလားချက်ဖြစ်တဲ့ သောက်သုံးရေဖူလုံစွာရရှိစေရန်နှင့် ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals)ရဲ့ ပန်းတိုင်ဖြစ်တဲ့ Goal (7) မှာပါတဲ့ ရည်မှန်းချက်တွေကို ပြည့်မီစေဖို့အတွက် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လုပ်ငန်းစဉ် (၆) ရပ်မှာပါဝင်တဲ့ ကျေးလက်ရေဖူလုံစွာရရှိစေရန်အတွက် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသမှာရှိတဲ့ ကျေးရွာများသာမက အပူပိုင်းဇုန်တိုင်း (၃) တိုင်းအတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ကျွန်တော်တို့ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တိုင်း (၃)တိုင်းမှာရှိတဲ့ ကျေးရွာပေါင်း ၇၃၀ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၈၁၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်းပဲ အပူပိုင်းဇုန် တိုင်း(၃)တိုင်းမှာရှိတဲ့ ကျေးရွာပေါင်း ၈၆၂ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၉၈၈ ခုကို ဆောင်ရွက်လျက်ရှိပြီးတော့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အပူပိုင်းဇုန်တိုင်း (၃)တိုင်းမှာရှိတဲ့ ကျေးရွာပေါင်း ၉၀၈ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၉၁၆ ခုကို ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါတယ်ခင်ဗျား။

စစ်ကိုင်တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း နွေရာသီကာလမှာ ကြုံတွေ့ရမယ့် သောက်သုံးရေအထူးရှားပါးခက်ခဲမှုကို အထူးစီမံချက်(၁)ရပ်ချမှတ်ပြီး ဖြေရှင်းပေးရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးချက်များအရ တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်မှာ ကျေးရွာပေါင်း ၆၁ ရွာမှာ ရေရှားပါးတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ရန်ပုံငွေများ အသီးသီးချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အဆိုပါ ရေရှားပါးတဲ့ကျေးရွာတွေမှာ ကျေးရွာပေါင်း ၃၀ ရွာကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကျေးရွာပေါင်း ၃၁ ရွာမှာလည်းကောင်း၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့မှ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးရွာများမှာ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ တွင်းနက် ၂၃ တွင်း၊ မြေသားမိုးရေလှောင်ကန် လေးကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်း လေးခု စုစုပေါင်း ကျေးလက်ရေပေးရေလုပ်ငန်းပေါင်း ၃၁ ခုတို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၅၇၆.၆၇၈၄ သန်းဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တွင်းတိမ်တစ်တွင်း၊ တွင်းနက် ၅၀ တွင်း၊ လက်တူးတွင်း သုံးတွင်း၊ မြေသားမိုးရေလှောင်ကန် သုံးကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းခြောက်ခု စုစုပေါင်း ကျေးလက်ရေပေးရေးလုပ်ငန်းပေါင်း ၆၃ ခုတို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၈၃၈.၁၉၆ သန်းဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အထူးသီးသန့်ရန်ပုံငွေဖြင့် တွင်းတိမ်သုံးတွင်း၊ တွင်းနက် ၄၂ တွင်း၊ မြေသားမိုးရေလှောင်ကန် ၄၆ ကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းခြောက်ခု၊ အခြားလုပ်ငန်း ၇၉ ခု စုစုပေါင်းကျေးလက်ရေပေးရေးလုပ်ငန်းပေါင်း ၁၇၆ ခုတို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၁၃၃၄ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တွင်းတိမ် ၃၀ တွင်း၊ တွင်းနက် ၂၆၁ တွင်း၊ မြေသားမိုးရေလှောင်ကန် ၆၄ ကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်း ၁၁ ခု၊ အခြားလုပ်ငန်း ၆၅ ခု စုစုပေါင်းကျေးလက်ရေပေးရေးလုပ်ငန်းပေါင်း ၄၃၁ ခုတို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၄၅၁၀.၄၃၀၄ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်းပဲ မြို့နယ်တွေမှာ တွင်းတိမ် ၃၀ တွင်း၊ တွင်းနက် ၂၀၅ တွင်း၊ လက်တူးတွင်းသုံးတွင်း၊ မြေသားမိုးရေလှောင်ကန် ၃၃ ကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်း ၂၃ ခု၊ အခြားလုပ်ငန်း ၁၄ ခု စုစုပေါင်းကျေးလက်ရေပေးရေးလုပ်ငန်းပေါင်း ၃၀၈ ခုတို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၂၃၄၅.၃၉ သန်းဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ပုံငွေတင်ပြတောင်းခံထားခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရဲ့ လက်ရှိမြို့၏ ရေပေးဝေရေးလွှမ်းခြုံမှုကို ပြန်လည်တွက်ချက်ကြည့်တဲ့အခါမှာ စည်ပင်သာယာနဲ့ပြည်သူလူထု ထည့်ဝင်ငွေအားလုံးနဲ့ ကျွန်တော်တို့ ဆောင်ရွက်တဲ့လုပ်ငန်းတွေဟာ အနည်းဆုံး ၇၆ ရာခိုင်နှုန်းနဲ့ အများဆုံး ၁၀၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုရှိပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သောက်သုံးရေခက်ခဲမှုမဖြစ်ပေါ်စေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြို့ရေပေးရေးလုပ်ငန်းအနေဖြင့် မြို့နယ် ၁၀ မှာတွင်းနက် ၁၂ တွင်း၊ မိုးရေလှောင်ကန် ၁၀ ကန်၊ အခြား ၁၂၄ ခု စုစုပေါင်း ၁၄၆ ခုကို ငွေကျပ် ၁၂၂၀.၇၀၇ သန်းဖြင့်လည်းကောင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းအနေဖြင့် မြို့နယ် ၁၁ မြို့နယ်မှာတွင်းနက် ၂၆ တွင်း၊ မိုးရေလှောင်ကန် လေးခု၊ အခြားခြောက်ခု စုစုပေါင်း ၃၆ ခုကို ငွေကျပ် ၁၆၄.၀၇၈ သန်းဖြင့်လည်းကောင်း၊ သောက်သုံးရေခက်ခဲမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်း ရေခက်ခဲတဲ့ကျေးရွာတွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာ ၃၁၅ ရွာမှာ စက်ရေတွင်း ၁၉၅ တွင်း၊ လက်တူးတွင်း လေးတွင်း၊ တွင်းတိမ် ၁၈ တွင်း၊ မြေသားရေလှောင်ကန် ၆၉ ကန်၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ရှစ်ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၂၁ ခု စုစုပေါင်း ကျေးလက်ရေပေးရေးလုပ်ငန်းပေါင်း ၃၁၅ ခုတို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၃၃၅၅.၂၇ သန်းဖြင့် အမြန်ပြီးစီးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။

ချောက်မြို့မှာ ရပ်ကွက် ၁၅ ခု အိမ်ခြေ ၇၂၆၂ အိမ်နဲ့ လူဦးရေ ၄၄၄၇၃ ဦး နေထိုင်လျက်ရှိပြီး လူတစ်ဦးကို တစ်ရက်လျှင် ရေသုံးစွဲမှုဂါလန်ဟာ ၂၀ ဂါလန်နှုန်းဖြင့် နေ့စဉ်ရေဂါလန် ၈၈၉၄၆၀ လိုအပ်မှာ ဖြစ်ပါတယ်ခင်ဗျား။ ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးကြီးဆိပ်မြစ်ရေတင် မြို့ရေပေးရေးလုပ်ငန်းအနေဖြင့် အမှတ်(၆)ကနေ အမှတ်(၁၅)အထိ ရပ်ကွက်ပေါင်း ၁၀ ခုကို နေ့စဉ်ရေဂါလန် ၅.၃ သိန်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဇီးချိုပင်ရေပေးရေးလုပ်ငန်းအနေဖြင့် အမှတ်(၁)မှ အမှတ်(၅)အထိ ရပ်ကွက်ပေါင်း ငါးခုကို နေ့စဉ်ရေဂါလန် ၂.၁ သိန်း ဖြန့်ဝေပေးနေသဖြင့် စုစုပေါင်း နေ့စဉ်ရေဂါလန် ၇.၄ သိန်းဖြန့်ဝေပေးပြီး ရေလွှမ်းခြုံမှုပမာဏဟာ ၈၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ နွေရာသီကာလမှာ ကြုံတွေ့ရမည့် သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် ၆-၄-၂၀၁၄ ရက်နေ့မှာ ကျွန်တော်တို့ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အမှတ်(၁၅)ရပ်ကွက်တိုးချဲ့ရေပေးရေးလုပ်ငန်းအတွက် ၁၆၀ KVA ထရန်စဖော်မာ နှစ်လုံးနှင့် ၄၀ လိုင်းမတ် PVC ပိုက်အလုံး ၂၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ အလားတူ သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေဖို့အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကနေပြီး မြို့ပေါ်ရပ်ကွက်တွေကို တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်လေးခုဖြင့် စီမံချမှတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ချောက်မြို့နယ်အတွင်းမှာ ကျေးရွာအုပ်စု ၅၁ အုပ်စု ကျေးရွာ ၂၃၁ ရွာမှာ အိမ်ခြေ ၃၄၃၅၁ အိမ်ရှိပြီးတော့မှ လူဦးရေအားဖြင့် ၁၆၁၅၉ နေထိုင်လျက်ရှိပါတယ်။ ချောက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အထိ စက်ရေတွင်း ၂၃၁ တွင်း၊ တွင်းတိမ် ၂၈၇ တွင်း၊ လက်တူးတွင်း ၁၇၉ တွင်း၊ မိုးရေလှောင်ကန် ၃၇၉ ကန်နှင့် အခြားရေပေးရေး ၃၇ ခုတို့ကို လက်ရှိရေရယူသုံးစွဲနိုင်ပြီး ရေလွှမ်းခြုံမှုအနေနဲ့ ၉၃.၃၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကျေးရွာတွေမှာ နွေရာသီမှာ ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စက်ရေတွင်းလေးတွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့မှ BAJ၊ JICA နှင့် အလှူရှင်လှူဒါန်းငွေတို့ဖြင့် စက်ရေတွင်း ၂၃ တွင်း တူးဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ တွင်းနက် ၁၂ တွင်း တူးဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လာမည့်နွေရာသီကာလမှာ ကြုံတွေ့ရမည့် သောက်သုံးရေ အထူးရှားပါးနိုင်တဲ့ ကျေးရွာတွေကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနဆိုင်ရာများ၊ NGO၊ INGO အဖွဲ့အစည်းများနှင့် တူးဖော်တဲ့ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းများကို အထူးစီမံချက်တစ်ရပ်ရေးဆွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာတဲ့ ချောက်မြို့နယ်အပါအဝင် မိုးနည်းရေရှားဒေသတွေမှာ နွေရာသီမှာကြုံတွေ့ရမည့် သောက်သုံးရေရှားပါးခက်ခဲမှုကို အထူးစီမံချက်တစ်ရပ်ချမှတ်ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများအတွင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ အစီအစဉ်များဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အထူးစီမံချက်တစ်ရပ်ရေးဆွဲ၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက် ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ရေးဆွဲထားရှိပြီး နှစ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)။** ။ အခုသက်ဆိုင်ရာဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံဖြေကြား ပေးတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော့်မေးခွန်းမှာကတော့ ချောက် မြို့နယ်ကို ကျွန်တော်က ကျွန်တော့်မြို့နယ်ဖြစ်တဲ့အတွက် ဥပမာတစ်ရပ်အနေနဲ့ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ကျွန်တော်တို့ တိုင်းပြည်က ခံစားနေရ ပါတယ်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ဟာ တစ်ကမ္ဘာလုံးမှာ ကျွန်တော်တို့ ဘင်္ဂလားဒေ့ရှ်ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာအဆိုးဆုံးဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရေရှားပါးမှုလေးပဲ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာ့ရာသီဥတုဒဏ်ကြောင့်ဖြစ်လာတဲ့ ကျွန်တော်တို့အကျိုးဆက်တွေကို ရင်ဆိုင်တုံ့ပြန်ထားမှုအခြေအနေကို ကျွန်တော်တို့ လေ့လာကြည့်တဲ့ အခါမှာ ကမ္ဘာ့အဆိုးဆုံးနိုင်ငံ ၁၀ နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံဟာ အပါအဝင်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးတဲ့မေးခွန်းမှာက ချောက်မြို့နယ်ကို ဥပမာပေးပြီးတော့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေကို နိုင်ငံတော်အစိုးရအနေနဲ့ အစိုးရတစ်ခု တည်းသာမကပဲနဲ့ နိုင်ငံတော်အစိုးရကကြီးမှူးပြီးတော့ ဝန်ကြီးဌာနတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေပါဝင်ပြီးတော့ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးတစ်ခုအနေနဲ့ ကျွန်တော်တို့ စဉ်ဆက် မပြတ်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိ/မရှိ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်ခင်ဗျား။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးထပ်ပြီးမေးတဲ့မေးခွန်းဟာလည်း အင်မတန်မှကောင်းပါတယ်။ ကျွန်တော်တို့ Environmental Impact နဲ့ပတ်သက်လို့ကတော့ ဒီ Sector တစ်ခုတည်းနဲ့ ပြီးပြည့်စုံနိုင်ခြင်းမရှိပါဘူး။ ဒီကိစ္စက ကျွန်တော်တို့ တစ်နိုင်ငံတည်း မဟုတ် ပါဘူး။ ကျွန်တော်တို့ရဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်းပဲ ဒါကိုတွေ့ ကြုံခံစားနေရတာ ဖြစ်ပါတယ်။ ကမ္ဘာ့မြစ်ကြီးတွေရဲ့ လက်ရှိကျွန်တော်တို့ရှိနေတဲ့ Current Situation ပြန်ကြည့်ရင် ဒါအသိအသာဆုံး ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောသလို မြန်မာနိုင်ငံတည်းနဲ့ တင်နဲ့တောင် ရနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့လည်း တစ်လောက ကျွန်တော်တို့ သွားတက်ခဲ့တဲ့အစည်းအဝေးတွေမှာ ဆိုလို့ရှိရင် Ocean Save ပင်လယ်ပြင်နဲ့ပတ်သက်တဲ့၊ ရေနဲ့ ပတ်သက်တဲ့ဟာတွေကို အဲဒါကို အင်ဒိုနီးရှားက Agriculture Minister ကနေပြီးတော့ Philosophy တစ်ခုတင်ပါတယ်။ အဲဒါက Blue Growth လို့ တင်တာဖြစ်ပါတယ်။ ဒါလည်းတစ်နည်းအားဖြင့်

ရေနဲ့ပတ်သတ်တဲ့ဟာတွေကို ထိန်းသိမ်းဖို့ ဒါကကျွန်တော်တို့ မြန်မာနိုင်ငံတစ်ခုတည်းနဲ့မက ကမ္ဘာနဲ့ပါ ချိပြီးရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမည်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်လည်း မှန်ကန်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လက်ရှိ အစိုးရလက်ထပ်မှာလည်းပဲ ဒီသဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တာကို အလေးထားပြီးဆောင်ရွက် လျက်ရှိတာကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရွှေကူမြို့နယ်၊ ရေလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်း ကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင် (ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရေလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ရွှေကူမြို့နယ်၊ ရေလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသည် ရွှေကူမြို့နယ် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၊ ရွှေကူမြို့နှင့်ဧရာဝတီမြစ်ကြီးခြားလျက်တည်ရှိနေပါတယ်။ ရေလဲကျေးရွာအုပ်စု နှင့်ဆက်စပ် အနီးစပ်ဆုံးကျေးရွာအုပ်စု ခြောက်အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၁ ရွာ ရှိပါတယ်။ ကျေးရွာ အုပ်စု ခြောက်အုပ်စုတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာ မူလွန် ကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခုနစ်ကျောင်းရှိပါတယ်။ မူလတန်းကျောင်းများမှ စတုတ္ထတန်းအောင်မြင်လာသောအခါ နီးစပ်ရာ ရေလဲအထက်တန်းကျောင်းခွဲသို့လည်းကောင်း၊ တစ်ဖန် အလယ်တန်းကျောင်းခွဲ သုံးကျောင်းမှ အဋ္ဌမတန်းအောင်မြင်လာသောအခါ ရေလဲအထက် တန်းကျောင်းခွဲသို့လည်းကောင်း တက်ရောက်ပညာသင်ကြားရသဖြင့် ရေလဲကျေးရွာ အထက်တန်း ကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးစေလိုကြောင်း ဒေသခံပြည်သူများက တင်ပြ တောင်းဆိုလာကြပါတယ်။ ရေလဲကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲတွင် အထက်တန်း အဆင့် ကျောင်းသူကျောင်းသားပေါင်း ၁၇၅ ဦး၊ အလယ်တန်းအဆင့် ကျောင်းသူကျောင်းသားပေါင်း

၄၃၄ ဦး၊ မူလတန်းအဆင့်ကျောင်းသူကျောင်းသားပေါင်း ၂၉၅ ဦးရှိပြီး တစ်ကျောင်းလုံး ကျောင်းသူကျောင်းသားပေါင်း ၉၀၄ ဦးရှိပါတယ်။ သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ရေလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် တိုးမြှင့်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းနိုင်ရဲ့ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ရေလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်း ကျောင်းငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၀ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၄ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲတစ်ကျောင်း၊ တွဲဖက်အခြေခံပညာမူလတန်းကျောင်း သုံးကျောင်း စုစုပေါင်း အခြေခံပညာ ကျောင်းပေါင်း ၉၇ ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ ရွှေကူမြို့နယ်၊ ရေလဲအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသား ၁၇၅ ဦးရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူတွေရှိပါတယ်။ အများအားဖြင့်တော့ ကျောင်းသားဦးရေ

ပြည့်မီခြင်းရှိ/မရှိ။ ကျောင်းအဆောက်အဦ ပရိဘောဂ ပြည့်စုံမှုရှိ/မရှိတို့အပေါ်မှာ ထည့်သွင်းစဉ်းစား သတ်မှတ်ပါတယ်။ ဒါပေမယ့်လည်း ကျောင်းအဆောက်အဦ မြေနေရာရှိ/မရှိနှင့် လမ်းပန်းဆက်သွယ် ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စတဲ့ သတ်မှတ်ချက်များအပေါ်မှာတော့ အထူးကိစ္စရပ်များအဖြစ် ဖြေလျှော့ပြီးတော့ ကျောင်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးစတဲ့ လိုအပ်ချက်များအရ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကိုဖြေလျှော့ပြီး တော့ ရေလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအဆင့်တိုးဆောင်ရွက် တဲ့အခါမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေးအလိုက် တန်းစီဇယား စိစစ်ထောက်ခံချက်အရသာမက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်များကို အလေးထားစိစစ်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်းနှင့် လောလောဆယ်မှာ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ပလက်ဝမြို့နယ်မှ သိပ္ပံတွဲဖြင့် (၁၀) တန်းအောင်သူ ကျောင်းသား/သူများသည် သိပ္ပံလက်တွေ့သင်တန်း ကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များအစား တစ်ပတ်၊ နှစ်ပတ်ဆက်တိုက် သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးပိုက်လင်း၊ ပလက်ဝမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူ အားလုံးကို မင်္ဂလာပါဟု ဂါရဝပြု မိတ်ဆက်ပါရစေ။ ကျွန်တော်ဟာ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် က လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းပါ။ ကျွန်တော့်မေးခွန်းကို ဖတ်ကြားခွင့်ပေးပါလို့ တောင်းပန် ပါတယ်။ ဝေးလံခေါင်သီဒေသတစ်ခုဖြစ်တဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ သိပ္ပံတွဲဖြင့် (၁၀)တန်း အောင် ကျောင်းသူကျောင်းသားများသည် သိပ္ပံလက်တွေ့သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ များ၌ တက်ရောက်နိုင်မည်မဟုတ်သဖြင့် ဝိဇ္ဇာတွဲသို့ ပြောင်းလဲသင်စေပါသည်။ သွားလာခက်ခဲသော ဒေသခံကျောင်းသူကျောင်းသားများသည် မိမိတို့ကြိုက်နှစ်သက်သော ဘာသာရပ်များကို သင်ယူရန် အခွင့်အရေးများ ဆုံးရှုံးနစ်နာနေရပါတယ်။ ဝေးလံခေါင်သီဒေသများမှ ကျောင်းသားများအများစု ဆင်းရဲသဖြင့် နေ့ကျောင်းမတက်နိုင်ပါ။ အဝေးသင်တက္ကသိုလ် စာပေးစာယူစနစ်ကိုသာ အားထား

မှီခိုနေရပါတယ်။ ၎င်းအဝေးသင်တက္ကသိုလ် စာပေးစာယူစနစ် ၎င်းဒေသများတွင် သိပ္ပံဘွဲ့ရကျောင်းဆရာများ ရှားပါးနေသည့်ပြဿနာလည်းရှိပါတယ်။ ဆက်လက်ပြီးတော့ ရှိနေဦးမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သင်တန်းချိန်တစ်ခုဖြစ်သော သိပ္ပံလက်တွေ့သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေအစား တစ်ပတ်၊ နှစ်ပတ် ဆက်တိုက်သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပိုက်လင်းရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ သိပ္ပံတွဲဖြင့် (၁၀)တန်းအောင်သူ ကျောင်းသား ကျောင်းသူများသည် သိပ္ပံလက်တွေ့ခန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ တက်ရောက်နိုင်မည်မဟုတ်သဖြင့် သင်တန်းချိန်တစ်ခုဖြစ်သော သိပ္ပံလက်တွေ့သင်တန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များအစား တစ်ပတ်၊ နှစ်ပတ်ဆက်တိုက်သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဝေးသင်ပညာရေးစနစ်ကို ဒီနေရာမှာ ပိုမိုထင်ရှားအောင် အသေးစိတ်ရှင်းပြလိုပါတဲ့အတွက် အချိန်အနည်းငယ် ပိုမိုပေးပါရန် လေးစားစွာ ခွင့်တောင်းပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဝေးသင်ပညာရေးစနစ်ဟာ ဆရာနှင့်ကျောင်းသား မျက်နှာချင်းဆိုင် တွေ့ဆုံသင်ကြားတဲ့အချိန်ကို နည်းနည်းပဲယူပြီးတော့ သင်ထောက်ကူပစ္စည်းများကို အသုံးပြုပြီးတော့ သင်ကြားပို့ချရတဲ့စနစ် ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ သင်ယူသူများအနေနဲ့ ကိုယ်တိုင်လေ့လာသောစနစ်ကို အခြေခံထားတဲ့ သင်ကြားသင်ယူမှုစနစ်ဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်အတိုင်း ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များအပါအဝင် ဥပဒေဘာသာရပ်နှင့် စီးပွားရေးဘာသာရပ်များကိုပါ လေ့လာသင်ယူခွင့်ရရှိစေနိုင်ရန် စီစဉ်ထားရှိ ပါတယ်။

သင်ကြားပို့ချရာမှာလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြဋ္ဌာန်းစာအုပ်များ (Text Book) များ၊ လေ့လာမှုလမ်းညွှန်စာအုပ် (Study Guide Book) များ၊ စာစဉ်များ (Assignment) များ၊ ပုံနှိပ်စာအုပ်စာတမ်းများ (Printed Material) များကို ရေးသားပြုစုပြီးတော့ သင်တန်းသားများကို

ပို့ချပေးလျက်ရှိပါတယ်။ အဲဒီအပြင် သင်ကြားပို့ချချက်များကို ရုပ်သံရိုက်ကူးပြီးတော့ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှာလည်း နေ့စဉ်သင်ခန်းစာပို့ချချက်များကို ထုတ်လွှင့်ပြသပေးခြင်း၊ မြန်မာ့အသံရေဒီယိုမှ နေ့စဉ် တိုင်းရင်းသားအစီအစဉ်အပြီးမှာ ထုတ်လွှင့်ပေးခြင်း၊ Sky Net ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးခြင်း စသည်တို့ဖြင့် ကျောင်းသားများ ကိုယ်တိုင်လေ့လာသင်ယူနိုင်စေရန်အတွက် စီစဉ်ထားရှိ ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာ အဝေးသင်တက္ကသိုလ်များရဲ့ သင်ကြားရေးစနစ်အတိုင်းပဲ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အဝေးသင်တက္ကသိုလ်များရဲ့ သင်ကြားနည်းစနစ်ကိုလည်း ခေတ်မီနည်းပညာများကို အသုံးပြုသင်ကြားပေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ Web-based Teaching System လို့ခေါ်တဲ့ အင်တာနက်အွန်လိုင်းကို အသုံးချပြီးသင်ကြားပို့ချခြင်းများကိုလည်း စတင်ဆောင်ရွက်ပေးလျက် ရှိပြီဖြစ်ပါတယ်။ အဲဒီမှာလည်း သင်ကြားပို့ချတဲ့ Video File များကို လေ့လာကြည့်ရှုနိုင်ရန်အတွက်လည်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီးတော့ ၂၄ နာရီ အခမဲ့ထုတ်လွှင့်ပြသပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသား ကျောင်းသူများဟာ မိမိအဆင်ပြေတဲ့အချိန်တိုင်းမှာ ဒီသင်ကြားပို့ချချက်သင်ခန်းစာ Video File များကို လေ့လာသင်ယူနိုင်ပါတယ်။ တစ်နည်းအားဖြင့် အလုပ်ခွင်မပျက်လေ့လာနိုင်တဲ့အခွင့်အရေးတွေ ရရှိနေပါပြီလို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဝိဇ္ဇာဘာသာရပ်များ၊ ဥပဒေသာဘာရပ်နှင့် စီးပွားရေးဘာသာရပ်များကို သင်ယူလေ့လာနေကြတဲ့ ကျောင်းသားကျောင်းသူများအတွက် မိမိတို့တစ်နှစ်တာ လေ့လာထားရှိမှုများကို ဆရာ ဆရာမများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးနိုင်ဖို့အတွက် အနီးကပ်သင်တန်း (Intensive Training) ၁၀ ရက်ကို ဖွင့်လှစ်ပြီးတော့ အပြန်အလှန်မေးစေခြင်း၊ ဆွေးနွေးခြင်း စသည့်နည်းလမ်းများဖြင့် ရက်တိုအတွင်း လေ့လာစေခဲ့ပါတယ်။

သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူများအတွက်ကတော့ သိပ္ပံလက်တွေ့ခန်းများကို နှစ်ပတ်မှာ တစ်ကြိမ် (စနေ၊ တနင်္ဂနွေ) နှစ်ရက်တက်ရောက်စေပြီး ပညာသင်နှစ်တစ်နှစ်မှာ သိပ္ပံလက်တွေ့ခန်း သင်တန်း ၁၂ ကြိမ် ၂၄ ရက် တက်ရောက်စေပါတယ်။ သိပ္ပံဘာသာရပ်များရဲ့ သဘောသဘာဝအရတော့ လက်တွေ့သင်တန်းများကို မဖြစ်မနေတက်ရောက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာကတော့ အဝေးသင်ပညာသင်ကြားရေးစနစ်ကို အနီးကပ်

သင်တန်းများ ပို့ချခြင်း၊ သိပ္ပံလက်တွေ့သင်တန်းများ သင်ကြားပို့ချပေးခြင်းတို့ကို ပုံမှန်တက္ကသိုလ်တွေရဲ့ စာသင်ခန်းတွေကို အသုံးပြုပြီးတော့ အဆိုပါတက္ကသိုလ်မှ ဆရာ ဆရာမတွေက သင်ကြားပို့ချရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုံမှန်သင်တန်းများ နားရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေ နေ့များသာလျှင် သိပ္ပံလက်တွေ့အခန်းများကို အသုံးပြုပြီးတော့ အဝေးသင် သင်တန်းသားများကို သင်ကြားပို့ချနိုင်တဲ့ အနေအထားဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် သိပ္ပံဘာသာရပ်များရဲ့ သဘောသဘာဝအရ သိပ္ပံလက်တွေ့၊ လက်တွေ့ဆိုတာ (Practical) မလုပ်မီမှာ ကျွန်တော်တို့က ဒီအတိုင်းလုပ်လို့မရပါဘူး။ စာတွေ့ကို ကြိုသင်ရပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလို ဆက်တိုက်သင်သွားမယ်ဆိုရင် အဲဒီ Theory သဘောသဘာဝတွေ မသင်ရသေးမီမှာ လက်တွေ့လုပ်တဲ့အတွက် Quality Education လို့ခေါ်တဲ့ ပညာအရည်အသွေး မြင့်မားရေးကို ဦးတည်ပြီးဆောင်ရွက်နေတဲ့ အချိန်မှာတော့ လောလောဆယ် ထိရောက်စွာ သင်ကြားပေးနိုင်မယ့် အစီအစဉ်မျိုးမဟုတ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့မေးခွန်းကို ဖြေကြားရမယ် ဆိုလို့ရှိရင်တော့ အပတ်စဉ် စနေ၊ တနင်္ဂနွေအစား တစ်ပတ်၊ နှစ်ပတ်ဆက်တိုက် သင်ကြားပေးတဲ့ အစီအစဉ်များကို ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။ ထိုအစား ပုံမှန်အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များမှာပဲ သိပ္ပံလက်တွေ့ခန်းများကို ဆက်လက်သင်ကြားသွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၆-၃-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း အသိပေးကြေညာလိုပါတယ်။ ရရှိထားတဲ့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး

ဥပဒေကြမ်းကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီတို့က လက်ခံဆောင်ရွက်ပြီး မိမိတို့ရဲ့ သုံးသပ်အကြံပြုချက်များကို လွှတ်တော်သို့ သတ်မှတ်ရက်အရောက်တင်ပြရမှာဖြစ်ကြောင်းလည်း ထပ်မံအသိပေးလိုပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို ၁၂-၃-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၆-၂-၂၀၁၅ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၀-၃-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ တိုးပွားစေရန်၊ စာရင်းပညာ ခေတ်မီ

တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာ ဂုဏ်ရည်မြင့်မားရေးနှင့် စာရင်းလုပ်ငန်း အရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်နှင့် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့် လုပ်ငန်းများဖွံ့ဖြိုး တိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ရေးဆွဲထားကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၃-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များပါ အစီရင်ခံစာနှင့် ဥပဒေ၏ အသေးစိတ်ကန့်လန့်ဖြတ်ဇယားများကို လွှတ်တော်သို့ ဖြန့်ဝေထားပြီးဖြစ်သောကြောင့် အချို့သော အချက်များကို ဖတ်ကြားခြင်းမပြုသည်ကို ခွင့်ပြုနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၂၁)ခန်းနှင့် ပုဒ်မပေါင်း ၁၁၀ ခု ပါရှိပါသည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၄၅)ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။ အစီရင်ခံစာ၏ အပိုဒ်ခွဲငယ်(၅)မှာ အပိုဒ် ၂ အပိုဒ်ခွဲ(ထ)ကို အသင်းဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ကို လုပ်ငန်းအဖွဲ့အစည်းဆိုသည်မှာ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံရေးလုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်သည့် လုပ်ငန်း၊ နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့်

လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်အရ သော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတို့ကိုဆိုသည် ဟုပြင်ဆင်ပါသည်။

အစီရင်ခံစာ စာမျက်နှာ ၃ ၏ အပိုဒ်ခွဲငယ်(၁၂)တွင် အပိုဒ် ၇ အဖြစ် ကောင်စီသည် စာရင်းပညာမူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်ဟု အသစ်ဖြည့်စွက်ပါသည်။ အစီရင်ခံစာ စာမျက်နှာ ၅ ၏ အပိုဒ်ခွဲငယ်(၃၃)တွင် အခန်း (၂၀)၊ အပိုဒ် ၉၂ ကို အပိုဒ် ၉၃ အဖြစ်ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ သုံးနှစ် စကားရပ်ကို တစ်နှစ်ဟုလည်းကောင်း၊ ကျပ်သိန်း ၁၀၀ စကားရပ်ကို ကျပ်သုံးသိန်းဟု ပြင်ဆင်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၆-၂-၂၀၁၅ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၀-၃-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ တိုးပွားစေရန်၊ စာရင်းပညာ ခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာ ဂုဏ်ရည်မြင့်မားရေးနှင့် စာရင်းလုပ်ငန်း အရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်နှင့် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့် လုပ်ငန်းများဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ရေးဆွဲထားကြောင်း တွေ့ရှိရပါသည်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၃-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံ ရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၂၁)ခန်းနှင့် ပုဒ်မပေါင်း ၁၁၀ ခု ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၄၅) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

(၃) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို ကောင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားအဆင့်ရှိ မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဌ)နှင့် အပိုဒ်ခွဲ(ဖ)တို့ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)ကို အသင်းဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ကို လုပ်ငန်းအဖွဲ့အစည်းဆိုသည်မှာ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိက ပိုင်စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံရေး လုပ်ငန်းနှင့်အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်သည့်လုပ်ငန်း၊ နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်း

ထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတို့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၇) အခန်း(၃)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ရှိ ဒုတိယဥက္ကဋ္ဌ စကားရပ်ကို ဒုတိယဥက္ကဋ္ဌ(၁)ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၄။(ဂ) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ ဒုတိယဥက္ကဋ္ဌ(၂) အသင်းဥက္ကဋ္ဌ

(၉) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ (၅)ဦးထက် မပိုသော စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်များ စကားရပ်ကို စီးပွားရေးတက္ကသိုလ်များမှ ၅ ဦးထက်မပိုသော ပါမောက္ခချုပ်များဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ် (၉)ဦး စကားရပ်ကို မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ ကိုယ်စားလှယ် ၉ ဦးဟုပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၄ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ အတွင်းရေးမှူး စကားရပ်ကို အတွင်းရေးမှူး၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၇ အဖြစ် ကောင်စီသည် စာရင်းပညာ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

**မူကြမ်း**

(၁၃) အပိုဒ် ၁၁ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ အခြားကောင်စီစကားရပ်ကို ကောင်စီဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၁၆ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က)နှင့်(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲများရှိ အခြားသင်တန်းများစကားရပ်တို့ကို စာရင်းဆိုင်ရာ အခြားသင်တန်းများဟု အသီးသီး ပြင်ဆင်ပါသည်။

(၁၅) အခန်း(၅)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ဈ)နှင့် အပိုဒ်ခွဲ(တ)တို့ကို အဆို ပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၁၆) အခန်း(၆)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုနယ်မြေကောင်စီမှ တောင်းခံလာသော စာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်းဟု ပြင်ဆင်ပါသည်။

(၁၇) အခန်း(၇)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ စကားရပ်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ(ပြည့်)ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ(က)တွင် ဖော်ပြသည့်စကားရပ်ကို ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ စကားရပ်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ(ပြည့်)ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပုဒ်မခွဲ(က)တွင် ဖော်ပြသည့် စကားရပ်ကို ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ဟု ပြင်ဆင်ပါသည်။

(၂၁) အခန်း(၈)၊ အပိုဒ် ၂၄ ကို အပိုဒ် ၂၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ လက်မှတ်ရ စာရင်းကိုင် စကားရပ်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၂၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ပြုလုပ်ရမည်စကားရပ်ကို ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၃) အခန်း(၉) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၂၄) အခန်း(၁၂)၊ အပိုဒ် ၄၀ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၂၅) အခန်း(၁၃)၊ အပိုဒ် ၄၅ နှင့် အပိုဒ် ၄၆ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၂၆) အခန်း(၁၄)၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၄ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ မြန်မာနိုင်ငံစာရင်းကောင်စီ စကားရပ်ကို ကောင်စီဟု ပြင်ဆင်ပါသည်။

(၂၇) အခန်း(၁၄)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ နှင့် အပိုဒ် ၆၀ အပိုဒ်ခွဲ(ဂ)တို့ကို အပိုဒ် ၅၇၊ အပိုဒ် ၅၈ နှင့် အပိုဒ် ၆၁ အပိုဒ်ခွဲ (ဂ)အဖြစ် အသီးသီးပြင်ဆင်ပြီး၊ ယင်းအပိုဒ်၊ အပိုဒ်ခွဲတို့ရှိ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် စကားရပ်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်)ဟု ပြင်ဆင်ပါသည်။

(၂၈) အခန်း(၁၆)ခေါင်းစဉ်ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၂၉) အခန်း(၁၇)ခေါင်းစဉ်ကို စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်ကိုင်(ပြည့်)များ၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းဟုပြင်ဆင်ပါသည်။

(၃၀) အခန်း(၁၇)၊ အပိုဒ် ၇၁ ကို အပိုဒ် ၇၂ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ စာရင်းကိုင်အလုပ်သင်၊ လက်မှတ်ရ စာရင်းကိုင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူ စကားရပ်ကို စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရ ပြည်သူ့

စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၇၃ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၃၂) အပိုဒ် ၇၅ အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၇၆ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်း အပိုဒ်ခွဲရှိ လက်မှတ်ရ စာရင်းလက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်လက်မှတ် စကားရပ်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်) လက်မှတ်ဟု ပြင်ဆင်ပါသည်။

(၃၃) အခန်း(၂၀)၊ အပိုဒ် ၉၂ ကို အပိုဒ် ၉၃ အဖြစ်ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ သုံးနှစ် စကားရပ်ကို တစ်နှစ်ဟုလည်းကောင်း၊ ကျပ်သိန်း ၁၀၀ စကားရပ်ကို ကျပ်သုံးသိန်းဟု ပြင်ဆင်ပါသည်။

(၃၄) အခန်း(၂၁) အပိုဒ် ၉၆ ကို အပိုဒ် ၉၇ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ လက်မှတ်ရ စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် စကားရပ်ကို လက်မှတ်ရ စာရင်းကိုင်(အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်)ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၁၀၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၀၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်း အပိုဒ်ခွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၁၀၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၀၂ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး၊ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မှုကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စား လှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂-၄-၂၀၁၅ ရက်နေ့ (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၅)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]